## ဓမ္မခန္ဓာ (၂၇) "နာမ်လ်မျိုးနွယ်စု" (အလ် နာမ်လိ)

ဉာဏ်စဉ်ကိန်းပေးမှု အမှတ်စဉ်– ၂၇။ သုတ်ဒေသနာ– ၉၃ ပါး။

ဦးဒွေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللّٰهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့် –[၁း၁]

| | |
|---|---|
| ၁။ | **طس تِلْكَ آيَاتُ الْقُرْآنِ وَكِتَابٍ مُّبِينٍ۞**<br>တွာ၊ဆင်၊[၇၇၉] ဤသည် ကုရ်အံကျမ်းတော်မှ သုတ်ဒေသနာတော်များဖြစ်၏။ ရှင်းလင်းသော ကျမ်းတော်တစ်ဆူဖြစ်၏။ |
| ၂။ | **هُدًى وَبُشْرَى لِلْمُؤْمِنِينَ۞**<br>ယုံကြည်သူများအတွက် လမ်းညွှန်တော်နှင့် သတင်းကောင်းမင်္ဂလာဖြစ်၏။ |
| ၃။<br>☆၂း၄ | **الَّذِينَ يُقِيمُونَ الصَّلَاةَ وَيُؤْتُونَ الزَّكَاةَ وَهُم بِالْآخِرَةِ هُمْ يُوقِنُونَ۞**<br>သူတို့သည်ကား မေတ္တာဓိဌာန် မြဲကြ၏။ လှူမှုဖူလုံကြေး ပေးကြ၏။ နောင်ဘဝကိုလည်း မျက်မှောက်ပြုကြကုန်၏။☆ |
| ၄။ | **إِنَّ الَّذِينَ لَا يُؤْمِنُونَ بِالْآخِرَةِ زَيَّنَّا لَهُمْ أَعْمَالَهُمْ فَهُمْ يَعْمَهُونَ۞**<br>နောင်ဘဝအား မယုံကြည်သော သူတို့သည်ကား သူတို့၏ ပြုကျင့်မှုများကို သူတို့ တင့်တယ်နေဟန်ရှိကြ၍ မျက်ကန်းလမ်းပျောက် ဖြစ်နေ၏။ |
| ၅။ | **أُوْلَئِكَ الَّذِينَ لَهُمْ سُوءُ الْعَذَابِ وَهُمْ فِي الْآخِرَةِ هُمُ الْأَخْسَرُونَ۞**<br>ထိုသို့သော သူများ အတွက် အကုသိုလ် ဝဋ်ဒုက် ရှိ၏။ နောင်ဘဝတွင်လည်း ထိုသူတို့မှာ ဆုံးရှုံးသူများ ဖြစ်ရလတ္တံ့။ |
| ၆။ | **وَإِنَّكَ لَتُلَقَّى الْقُرْآنَ مِن لَّدُنْ حَكِيمٍ عَلِيمٍ۞**<br>ကေန်ပင် သင်သည် ဓမ္မသတ်ရှင်၊ ကုန်စင်သိသော အရှင်၏ ထံတော်မှ ကုရ်အံကျမ်းတော်ကို ခင်းကျင်းရရှိသူ ဖြစ်၏။[၇၈၀] |
| ၇။ | **إِذْ قَالَ مُوسَى لِأَهْلِهِ إِنِّي آنَسْتُ نَارًا سَآتِيكُم مِّنْهَا بِخَبَرٍ أَوْ آتِيكُم بِشِهَابٍ قَبَسٍ لَّعَلَّكُمْ تَصْطَلُونَ۞**<br>မူဆာက သူ၏ ဝိုင်းသားတို့အား "ကျွန်ုပ်သည် မီးကို တွေ့ရ၏၊ ထိုမှ သင်တို့အတွက် သတင်း ယူပေးနိုင်ရာ၏ သို့မဟုတ် သင်တို့ အနွေးဓါတ်ရအံ့ငှာ တောက်နေသော မီးကျီးခဲ တစ်ခုကို ယူပေးနိုင်ရာ၏၊"ဟု ပြော၍။ |
| ၈။ | **فَلَمَّا جَاءَهَا نُودِيَ أَن بُورِكَ مَن فِي النَّارِ وَمَنْ حَوْلَهَا وَسُبْحَانَ اللَّهِ رَبِّ الْعَالَمِينَ۞**<br>သူသည် ထို့သို ရောက်ရှိသော အခါ၊ "မီးအတွင်းမှ ရှိသူ၊ မီးဝန်းကျင်မှရှိသူများသည် ကျက်သရေပြည့်စုံ၏၊"ဟု ဖိတ်မန္တက ပြုခံရ၏၊ လောကခပ်သိမ်း၏ ကံကြမ္မာရှင် ပရမတ်ဘုရားရှင်သည် တုနှိုင်းမဲ့ဖြစ်တော်မူ၏။[၇၈၁] |

---

(၇၇၉) **သိနတောင်အား တိုင်တည်လျှက်၊** (၂၆း၁) တွင်ကြည့်ပါ။

**(၇၈၀)** ဤသုတ်တော်တွင် ကိုယ်တော်မုဟမ္မဒ်၏ ကုရ်အံအား ရရှိပုံကို **تُلَقَّى တုလာ့က်ကာဟ်** ဟု သုံးထားပေသည်။ ဆိုလိုသည်မှာ ကျမ်းမြတ်ကုရ်အံ ဟူသည် လောကဓမ္မ၊ နိယာမကြီးဖြစ်၍ ၎င်းကို ကိုယ်တော်က အာရုံစျာန်ဖြင့် **ကွက်ကွက်ကွင်းကွင်း မြင်လိုက်ရခြင်း** ဖြစ်ပေသည်။ ကိုယ်တော် မြင်ခွင့်ရလိုက်သော လောကဓမ္မကြီးကို ကိုယ်တော်သည် နှစ်ပေါင်း ၂၃ နှစ်အတွင်း လူ့လောကအတွက် ပြည့်စုံလုံလောက်စွာ တည်ဆောက် ပြသသွားခဲ့ပေသည်။ ဤမိုးနှင့်မြေအကြားတွင် ဤကုရ်အံကျမ်းကဲ့သို့ လောကဓမ္မကြီးအား ယုတ္တိတန်စွာ ဖေါ်ပြနိုင်စွမ်းသော ကျမ်းဟူ၍ မရှိချေ။

**(၇၈၁)** ဤသုတ်တော်အား ဆရာတော်ကြီး အများစုက ကိုယ်တော်မူဆာအား ခေါ်သော အသံသည် မီးအတွင်းမှ ထွက်လာသည်ဟု ပြန်ဆိုကြပေသည်၊ ထို အဓိပ္ပါယ်မှာ လုံးဝ လွဲချော်ပေသည်၊ အဘယ်ကြောင့်ဆိုသော် ဤသုတ်တော်တွင်ပင် **မီးအတွင်း၊ မီးပတ်ဝန်းကျင်၊** ဟု နှစ်နေရာ ပြဆိုနေပြီး

| | |
|---|---|
| ၉။ | **يَا مُوسَى إِنَّهُ أَنَا اللَّهُ الْعَزِيزُ الْحَكِيمُ**۞<br>အို မူဆာ ကေန် အရှင်သည် ငါပင်၊ – ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင် ဖြစ်၏။ |
| ၁၀။<br><br>☆<br>၇း၁၀၇ | **وَأَلْقِ عَصَاكَ فَلَمَّا رَآهَا تَهْتَزُّ كَأَنَّهَا جَانٌّ وَلَّى مُدْبِرًا وَلَمْ يُعَقِّبْ يَا مُوسَى لَا تَخَفْ إِنِّي لَا يَخَافُ لَدَيَّ الْمُرْسَلُونَ**۞<br>သင်၏ လက်ထောက်ကို ခင်းကျင်းလော့။ သူသည် ၎င်းကို မြွေတစ်ကောင်အဖြစ်☆ လှုပ်ရှားသည်ကို မြင်သောအခါ၊ သူ<br>သည် နောက်ဆုတ် လှည့်ထွက်၍ ပြန်မလာတော့ချေ။ “အို မူဆာ– မကြောက်ရွံ့လင့်၊ ငါ၏ ထံပါး၌ ဥာဏ်စဉ်ဆောင်တို့<br>သည် မကြောက်ရွံ့ကြချေ။ |
| ၁၁။ | **إِلَّا مَن ظَلَمَ ثُمَّ بَدَّلَ حُسْنًا بَعْدَ سُوءٍ فَإِنِّي غَفُورٌ رَّحِيمٌ**۞<br>သို့မဟုတ် အဝိဇ္ဇာသင့်ခဲ့သောသူ၊ တဖန် ထိုသူသည် အကုသိုလ်ကို ကောင်းမှုဖြင့် လွဲပြောင်းသော်– ကေန်ပင် ငါအရှင်<br>သည် လွတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်တော်မူ၏။ |
| ၁၂။ | **وَأَدْخِلْ يَدَكَ فِي جَيْبِكَ تَخْرُجْ بَيْضَاء مِنْ غَيْرِ سُوءٍ فِي تِسْعِ آيَاتٍ إِلَى فِرْعَوْنَ وَقَوْمِهِ إِنَّهُمْ كَانُوا قَوْمًا فَاسِقِينَ**۞<br>သင့်လက်ကို ရင်ခွင်ထဲသို့ သွင်းလော့၊  ၎င်းသည် အကုသိုလ်ကင်းသော အဖြူထည်သက်သက် ထွက်လာ၍၊ ဖာရိုးနှင့်<br>သူ့လူမျိုးအတွက် နိမိတ်လက္ခဏာ ကိုးရပ်ထဲမှ ဖြစ်လတ္တံ့။ သူတို့သည်ကား ယုတ်မာသော လူမျိုးပင် ဖြစ်၏။[၇၈၂] |
| ၁၃။ | **فَلَمَّا جَاءتْهُمْ آيَاتُنَا مُبْصِرَةً قَالُوا هَذَا سِحْرٌ مُّبِينٌ**۞<br>ထင်သာမြင်သာသော ငါ၏ သုတ်ဒေသနာများ သူတို့ထံသို့ ရောက်လာသောအခါ၊ “ဤသည် ရှင်းလင်းသော မှော်<br>အတတ်သာ ဖြစ်၏၊”ဟု ဆိုကြလေ၏။ |
| ၁၄။ | **وَجَحَدُوا بِهَا وَاسْتَيْقَنَتْهَا أَنفُسُهُمْ ظُلْمًا وَعُلُوًّا فَانظُرْ كَيْفَ كَانَ عَاقِبَةُ الْمُفْسِدِينَ**۞<br>သူတို့၏ ဉာဉ်စရိုက်တွင် ဆတ်ဆတ်ခါ၍၊ အမိုက်စီးလျှက်၊ အာဃာတကြီးလျှက် ၎င်းတို့ကို စောဒကတက်ကြကုန်၏။<br>အဖျက်အနှောက်ကောင်တို့၏ ဇတ်သိမ်းသည် မည်သို့ ဖြစ်ရသည်ကို စောင့်ကြည့်လော့။ |
| ၁၅။ | **وَلَقَدْ آتَيْنَا دَاوُودَ وَسُلَيْمَانَ عِلْمًا وَقَالَا الْحَمْدُ لِلَّهِ الَّذِي فَضَّلَنَا عَلَى كَثِيرٍ مِّنْ عِبَادِهِ الْمُؤْمِنِينَ**۞<br>ငါသည် ဒါဝိဒ်နှင့် စိုလိုင်မံတို့အား ဉာဏ်ပညာကို မုချ ချီးမြှင့်၏၊ သူတို့က “တပည့်တော်တို့အား အရှင်၏ အမှုတော်<br>ဆောင် ယုံကြည်သူများထက် သိက္ခာ များစွာပေးသော ပရမတ်ဘုရားရှင်သည် ရည်သန်စူးစိုက်မှုတည်ရာ ဖြစ်ပါ၏၊”ဟု<br>ရင့်ကျူး၏။ |

---

အကယ်၍ အသံထွက်လာလျှင် နေရာ တစ်ခုတည်းမှသာ ဖြစ်ရမည် ဖြစ်သည်။ **نُودِيَ أَن بُورِكَ مَن فِي النَّارِ وَمَنْ حَوْلَهَا** ဟူသော ဝါကျသည် “မီးထဲမှ အသံထွက်လာသည်ဟု အဓိပ္ပါယ်ကို မပေးပေ။ “မီးထဲမှရှိသူ (မီးကိုရှာဖွေမှုထဲမှ ရှိသူ)၊ မီးဝန်းကျင်၌ရှိသူ (စောင့်ကျန်ရစ်သူ) တို့ သည် ကျက်သရေရှိ၏” ဖိတ်မန္တကပြုခံရ၏ ဟုသာ ဖြစ်ပေသည်။ မီးသည် တရားအလင်းရောင်ကို ဆောင်နိုင်သည်၊ သို့မဟုတ် စစ်ပွဲကို ဆောင်နိုင်ပေသည်။ (၂၀း၁၁) တွင်ကြည့်ပါ။ သူ့အား ဖိတ်ခေါ်သော အသံသည် မည်သည်က လာသည်ကို ၂၈း၃၀ တွင်ကြည့်ပါ။

(၇၈၂) ကိုယ်တော်မူဆာ၏ လက်ဆိုသည်မှာ “ကိုယ်တော်မူဆာ၏ အားကိုးရသော နောက်လိုက်များ” ကို ဆိုလိုပေသည်၊ ကိုယ်တော့်လက်သည် **တောင်ဝှေးခေါ် သူ့အဖွဲ့အစည်း**ကို ကိုင်စွဲထားပေသည်။ ထို ကိုယ်တော်မူဆာ၏ နောက်လိုက်များအား ကိုယ်တော်မူဆာ၏ ရင်ထဲသို့ အပ်ခြင်း (၂၀း၂၂)၊ နှင့် ဤသုတ်တော်မှ ရင်ခွင်ထဲသို့ သွင်းခြင်းများကြောင့် ကိုယ်တော်မူဆာ၏ လူ့အဖွဲ့အစည်းသည် အပြစ်ကင်း သန့်စင်သော အဖြူထည် နောက်လိုက်များ ဖြစ်လာရပေသည်။ ထိုအချင်းအရာကို အထက်ပါ သုတ်တော် ၁၁ က မကောင်းမှုများအား ကောင်းမှုဖြင့် လွဲပြောင်းပစ်သူများဟု ထောက်ပြထားပေသည်။ ဤသုတ်တော်များမှ **ဂျိုင်းဘိ** ဆိုသည်မှာ  လက်ခတီး (ဂျိုင်း) အောက်ဟု အဓိပ္ပါယ်ကို မပေးပေ။ ၎င်း၏ အနက်မှာ ရင်ဘတ်၊ ရင်သားသာလျှင် ဖြစ်ပေသည် (၂၄း၃၁) တွင် အမျိုးသမီးများ၏ ရင်သားကိုလည်း ဤ ဝေါဟာရကိုပင် သုံးထားပေသည်။  လက္ခဏာ ကိုးရပ် ဆိုသည်ကို ၇း၁၃၃ တွင်ကြည့်ပါ။

| | |
|---|---|
| ၁၆။ | **وَوَرِثَ سُلَيْمَانُ دَاوُودَ وَقَالَ يَا أَيُّهَا النَّاسُ عُلِّمْنَا مَنطِقَ الطَّيْرِ وَأُوتِينَا مِن كُلِّ شَيْءٍ إِنَّ هَذَا لَهُوَ الْفَضْلُ الْمُبِينُ۝** <br> စိုလိုင်မံသည် ဒါဝိဒ် အမွေခံ ဖြစ်၏။ သူက “အို လူသားတို့၊ ကျွန်ုပ်တို့သည် ကျေးငှက်တို့၏ သဒ္ဒဗေဒကို[၇၈၃] သင်ကြားခံရပြီ။ ကျွန်ုပ်တို့အား အရာခပ်သိမ်းတို့အနက်မှ ချီးမြှင့်ခံရပြီ။ ဤသည် ထင်ရှားသော သိက္ခာပေးခြင်းပင်၊”ဟုဆို၏။ |
| ၁၇။ | **وَحُشِرَ لِسُلَيْمَانَ جُنُودُهُ مِنَ الْجِنِّ وَالْإِنسِ وَالطَّيْرِ فَهُمْ يُوزَعُونَ۝** <br> သူ့တပ်ရင်းများ ဖြစ်သည့် ပုတုဇဉ်များ၊ လူသားများ၊ ငှက်များကို စိုလိုင်မံထံသို့ စုရုံးစေ၏။ သူတို့အား စုစည်းစေ၏။[၇၈၄] |
| ၁၈။ | **حَتَّى إِذَا أَتَوْا عَلَى وَادِي النَّمْلِ قَالَتْ نَمْلَةٌ يَا أَيُّهَا النَّمْلُ ادْخُلُوا مَسَاكِنَكُمْ لَا يَحْطِمَنَّكُمْ سُلَيْمَانُ وَجُنُودُهُ وَهُمْ لَا يَشْعُرُونَ** <br> သူတို့သည် နာမ်လ်လူမျိုးစု တောင်ကြားသို့ ရောက်လာသောအခါ၊ နာမ်လ်တစ်ဦးက “အိုး နာမ်လ်အပေါင်းတို့၊ စိုလိုင်မံနှင့် သူ့စစ်တပ်တို့သည် သတိမမူဘဲ သင်တို့အား ခြေမွမပစ်ရန် သင်တို့၏ အိမ်ယာများသို့ ဝင်နေကြလော့။[၇၈၅] |
| ၁၉။ | **فَتَبَسَّمَ ضَاحِكًا مِّن قَوْلِهَا وَقَالَ رَبِّ أَوْزِعْنِي أَنْ أَشْكُرَ نِعْمَتَكَ الَّتِي أَنْعَمْتَ عَلَيَّ وَعَلَى وَالِدَيَّ وَأَنْ أَعْمَلَ صَالِحًا تَرْضَاهُ وَأَدْخِلْنِي بِرَحْمَتِكَ فِي عِبَادِكَ الصَّالِحِينَ۝** <br> သူမ၏ ပြောဆိုမှုကြောင့် စိုလိုင်မံသည် အံ့သြစွာ ပြုံးလိုက်မိပြီး “အို ကံကြမ္မာရှင်၊ တပည့်တော်နှင့် တပည့်တော်၏ |

---

(၇၈၃) ရင်းမြစ်စကားလုံး **نُطق နုက်တွ့** မှ ဆက်စပ်ပြောဆိုသော စကား သို့မဟုတ် လျှာဖြင့်ပြော၊ နားဖြင့် အာရုံစိုက်သော ပေါင်းစပ်အသံ ဟုဖြစ်သည့် **မန်တက်ခ်** ဟု ဆင်းသက်လာခြင်း ဖြစ်ပေသည်။ တနည်းအားဖြင့် စစ်မြေပြင်တွင် သုံးသော စကားဝှက်ကို ဆိုလိုပေသည်။ ဆရာတော်ကြီး အများစုက စိုလိုင်မံသည် ကျေးငှက်တို့၏ ဘာသာစကားကိုတတ်သည်ဟု ပြန်ဆိုကြပေသည်။ ကိုယ်တော်စိုလိုင်မံသည် ကျေးငှက် သာဓကစကားကို တတ်ကောင်းတတ်နိုင်ပေသည်၊ သို့သော် ဤသုတ်တော်က ထိုဖြစ်ရပ်ကို ရည်ညွှန်းခြင်း လုံးဝ မရှိပေ။ အဘယ်ကြောင့်ဆိုသော် ဤသုတ်တော်တွင် ကျေးငှက်ဟု တင်စားသော သူ၏ တပ်ရင်းမှ ထိုစကားကို နားလည်ခဲ့သည်မှာ သူတစ်ဦးတည်း မဟုတ်ပေ။ “ကျွန်ုပ်တို့ သင်ကြားခံရပြီ” ဟု လူအများစုကို ဆိုလိုပေသည်။ တပ်ရင်းများကို အောက်ပါ ရှင်းလင်းချက်တွင် ဆက်ကြည့်ပါ။

(၇၈၄) ဤသုတ်တော်မှ စိုလိုင်မံ၏ တပ်ရင်းများမှာ **ဂျင်**များ၊ **နာ့ဆ်**များ၊ **တွိုင်းရ်** များဟု ဆိုပေသည်။ ထို အာရ်ဗီစကားလုံး သုံးလုံးမှ **နာ့ဆ်**ကို သာ လူသားများဖြစ်သည်ဟု ဆရာတော်ကြီး အများစုက ပြန်ဆို၍၊ **ဂျင်** ကိုမူ မကောင်းဆိုးဝါး နတ်ဆိုးများ၊ **တွိုင်း**ကိုမူ ပကတိ ကျေးငှက်သတ္တဝါများ ဟု ပြန်ဆိုကြပေသည်။ **ဂျင်** နှင့် **တွိုင်း** ဆိုသည်မှာ လူသားပင်ဖြစ်ကြောင်း ဤဘာသာပြန်၏၊ ဖ:၁၀၀၊ ဖ:၃၈ တို့၏ အောက်ခြေများတွင် ရှင်းခဲ့ပြီး ဖြစ်ပေသည်။ စိုလိုင်မံထံတွင် အမှုထမ်းခဲ့သော နတ်ဆိုးများဆိုသည်မှာ “ရေငုပ်ပေးသော၊ အခြားအလုပ်များကို လုပ်ဆောင်ပေးသော ကာယလုပ်သားများကို ဆိုကြောင်း ၂၁း၈၂ တွင် ဖေါ်ပြထားပေသည်။ ထို့အပြင် **တွိုင်း** ဆိုသည့် ငှက်အုပ်စုတွင် အတောင်နှင့် ပျံသန်းသော တိရိစ္ဆာန်ချည်းသာ ဖြစ်ရမည်ဟု သတ်မှတ်၍ မရချေ။ ငှက်ဖြစ်သော်လည်း မပျံသန်းနိုင်သော ငှက်ကုလားအုပ်များ၊ ပင်ကွင်းငှက်များလည်း ရှိနေသည်ပင်။ ဤနေရာ၌ ဆိုလိုသော ငှက်များမှာ ပျံသန်းနိုင်သည့်အလား တဟုန်ထိုး ပြေးနိုင်သော မြင်းတပ်ကို ဆိုလိုပေသည်။ ၎င်းကို လေပြေး သို့မဟုတ် ငှက်များဟု တင်စားပြောဆိုပြီး ၂၁း၈၁ တွင် စိုလိုင်မံအတွက် လေပြေးကိုတိုက်ပေးသည်ဟု ဆိုပေသည်။ များစွာသော အာရ်ဗီဝေါဟာရကျမ်းများတွင်လည်း အလားတူ အဓိပ္ပါယ်များကို ပေးထားပေသည်၊ ( E.W Lane ဝေါဟာရအဘိဓာန်)။

(၇၈၅) ဤသုတ်တော်မှ **အလ်နာမ်လိ النَّمْل** ကို ဆရာတော်ကြီးအများစုက **ပုရွက်ဆိတ်** ဟု ပြန်ဆိုကြပေသည်။ **نَمْل နာမ်လ်** ၏အဓိပ္ပါယ်မှာ ပုရွက်ဆိတ် ဟု မှန်သော်လည်း ဤနေရာတွင် **النَّمْل အလ်နာမ်လိ** ဟု ကိုယ်ပိုင်တိကျသော နာမ် ကိုသုံးထားသောကြောင့် ပုရွက်ဆိတ်ဟု ပြန်ဆို၍ မရချေ။ ၎င်းသည် လူမျိုးစု တစ်ခု၏ အမည်နာမသာလျှင် ဖြစ်ပေသည်။ နာမ်လ်တောင်ကြားသည် ဂျိဘရင်နှင့် အာ့ဆ်ကာလမ် နှစ်ခုကြားတွင် တည်ရှိ၍၊ **နာမ်လ်** ဆိုသည်မှာ **ပုရွက်တို့၏ ဥ** ဟု အနက်ရသည့် **مازن မာဇင်** လူမျိုးကဲ့သို့ လူမျိုးစု တစ်စုသာ ဖြစ်ပေသည်၊ (Taj-Arus အဘိဓာန်)။ **သတိမမူဘဲ ခြေမွပစ်နိုင်သည်** ဆိုခြင်းမှာ **စစ်ချီနေချိန်တွင် ရန်သူ၊ မိတ်ဆွေ မခွဲခြားမိဘဲ တိုက်ခိုက်ခံရနိုင်သည်၊** ဟု ဆိုလိုခြင်း ဖြစ်ပေသည်။ ထို **နာမ်လ်** တို့မှာ ဆရာတော်ကြီးများ ယူဆ သကဲ့သို့ အမှန်တကယ် ပုရွက်ဆိတ်ငယ်ကလေးများ ဖြစ်က တောင်ကြားဒေသတွင် အသိုက်အမြုံ ဖွဲ့နေခြင်းတစ်ခုတည်းသာ ရှိနိုင်သည်မဟုတ်၊ စိုလိုင်မံ၏ နန်းတွင်း၌လည်း နေနေနိုင်၊ ရှိနေနိုင်ပေသည်။

| | |
|---|---|
| | မိဘတို့အပေါ် ဂုဏ်ပေးခဲ့သည့် အရှင်၏ ဂုဏ်ပေးမှုကြောင့် ကျေးဇူးသိတတ်သောစိတ်ကို တပည့်တော်အား ချီးမြှင့်တော်မူပါ၊ အရှင်၏ ကျေနပ်မှုရှိသော ပြုပြင်ပြောင်းလဲခြင်းကို ကျင့်ဆောင်ခွင့်ပြုတော်မူပါ၊ အရှင်၏ ကရုဏာဖြင့် အရှင့် အမှုတော်ဆောင် ပြုပြင်ပြောင်းလဲသူများ၏ အထဲသို့ တပည့်တော်အား ဝင်ခွင့်ပြုပါ၊”ဟု ရင့်ကျူး၏။ |
| ၂၀။ | **وَتَفَقَّدَ الطَّيْرَ فَقَالَ مَا لِيَ لَا أَرَى الْهُدْهُدَ أَمْ كَانَ مِنَ الْغَائِبِينَ**<br>သူသည် ငှက်တို့အား ကြည့်ရှုစစ်ဆေး၍၊ သူပြောသည်မှာ “အဘယ်ကြောင့် ဘီထောင်ဖိုကို[၇၈၆] မမြင်ရသနည်း၊ သူသည် ပျက်ကွက်နေသူတို့မှ ဖြစ်သလော၊ |
| ၂၁။ | **لَأُعَذِّبَنَّهُ عَذَابًا شَدِيدًا أَوْ لَأَذْبَحَنَّهُ أَوْ لَيَأْتِيَنِّي بِسُلْطَانٍ مُّبِينٍ**<br>ရှင်းလင်းသော အထောက်အထားကို မပေးနိုင်လျှင် ကျွန်ုပ်သည် သူ့အား ပြတ်သားသော ဝဋ်ဒဏ်ဖြင့် ဝဋ်ဒဏ်ခတ်ရလိမ့်မည်၊ သို့မဟုတ် သေဒဏ်ပေးရလိမ့်မည်၊”ဟု ဖြစ်၏။ |
| ၂၂။<br>ဘီထောင်ဖို | **فَمَكَثَ غَيْرَ بَعِيدٍ فَقَالَ أَحَطتُ بِمَا لَمْ تُحِطْ بِهِ وَجِئْتُكَ مِن سَبَإٍ بِنَبَإٍ يَقِينٍ**<br>ရှည်ကြာစွာ စောင့်မနေလိုက်ရပေ၊ **သူ** တင်ပြသည်မှာ “သင် နားမပေါက်သေးသော အရာတစ်ခုကို ကျွန်ုပ် နားပေါက်ခဲ့၏၊ အသင့်ထံသို့ **ဆဗာ**မှ မျက်မြင်ဒိဋ္ဌ သတင်းတစ်ခုကို ပေးဆက်ပါပြီ၊–[၇၈၇] |
| ၂၃။ | **إِنِّي وَجَدتُّ امْرَأَةً تَمْلِكُهُمْ وَأُوتِيَتْ مِن كُلِّ شَيْءٍ وَلَهَا عَرْشٌ عَظِيمٌ**<br>သူတို့အား အုပ်ချုပ်နေသော အမျိုးသမီးတစ်ဦးကို ကျွန်ုပ် တွေ့ခဲ့၏။ သူမအား ခပ်သိမ်းကုန်ကို ပေးဆက်ကြ၍၊ သူမသည် ကြီးမားသော ကွပ်ကဲမှုကိုပိုင်၏။ |
| ၂၄။ | **وَجَدتُّهَا وَقَوْمَهَا يَسْجُدُونَ لِلشَّمْسِ مِن دُونِ اللَّهِ وَزَيَّنَ لَهُمُ الشَّيْطَانُ أَعْمَالَهُمْ فَصَدَّهُمْ عَنِ السَّبِيلِ فَهُمْ لَا يَهْتَدُونَ**<br>သူမနှင့် သူမ၏ လူမျိုးသည် ပရမတ်ဘုရားရှင်အား တုပြိုင်လျက် နေကို ဦးချဝပ်တွားနေကြောင်း ကျွန်ုပ်တွေ့ရ၏။ သူတို့၏ ကျင့်ကြံမှုကို မကောင်းဆိုးဝါးက တင့်တယ်ဟန်ပြု၍ လမ်းစဉ်တော်မှ တိမ်းစေ၏၊ သို့ဖြစ်၍ သူတို့သည် လမ်းညွှန်မှုန်ကို မရနိုင်ချေ။ |
| ၂၅။ | **أَلَّا يَسْجُدُوا لِلَّهِ الَّذِي يُخْرِجُ الْخَبْءَ فِي السَّمَاوَاتِ وَالْأَرْضِ وَيَعْلَمُ مَا تُخْفُونَ وَمَا تُعْلِنُونَ**<br>ထို့ကြောင့် သူတို့သည် မိုးများနှင့် မြေကမ္ဘာမှ လျှို့ဝှက်နိယာမကို ထုတ်ဖေါ်ပေးသော၊ ထိန်ဝှက်ထားရာများ၊ ဖွင့်ဟဖေါ်ပြရာများကို သိနေတော်မူသော ပရမတ်ဘုရားရှင်အား သူတို့ ဦးချရှိကျိုးမှု မရှိပါ။ |
| ၂၆။ | **اللَّهُ لَا إِلَهَ إِلَّا هُوَ رَبُّ الْعَرْشِ الْعَظِيمِ**<br>ပရမတ်ဘုရားရှင်၊ ထပ်ဆင့်ကွပ်ကဲမှုကြီး၏ ကံကြမ္မာရှင် ဖြစ်သော အရှင်မှအပ အခြားဘုရားဟူ၍ မရှိချေ၊”ဟု ဖြစ်၏။ |
| ၂၇။ | **قَالَ سَنَنظُرُ أَصَدَقْتَ أَمْ كُنتَ مِنَ الْكَاذِبِينَ** |

---

(၇၈၆) ဤသုတ်တော်မှ **الْهُدْهُد အလ်ဟုဒ်ဟုဒ်** ဆိုသည်မှာ ဘီထောင်ဖိုငှက်ဟု အဓိပ္ပါယ်ရပေသည်။ သို့သော် ထိုစကားလုံးအား **الْ အလ်** တိကျသေချာသော နာမ်ကို တွဲဆက်သုံးထားသောကြောင့် ငှက်သတ္တဝါဆိုသည်ထက် လူတစ်ဦး၏ အမည်ကို ဆိုလိုပေသည်။ လူမျိုးတိုင်းတွင် ကျေးငှက်အမည်များကို ပေးတတ်လေ့ရှိ သကဲ့သို့ စိုလိုင်မံ၏ လူမျိုးထဲတွင်လည်း လူတစ်ဦး၏ အမည်ကို ကျေးငှက်အမည်ဖြင့် ပေးထားသည်မှာ မဆန်းကျယ်ပေ။ အထူးသဖြင့် တိုက်ခိုက်ရေးထွက်နေသော တပ်၏ အမည်များကို လင်းယုန်စစ်ကြောင်း၊ ဂဠုန်စစ်ကြောင်း စသည်ဖြင့် အမည်နာမတပ်ပေး သကဲ့သို့ ၎င်းအား ဦးဆောင်သူများ၊ အားထားရသော ရဲဘော်များကို သိမ်းငှက်၊ စွန်ရဲ စသည်ဖြင့် မှည့်ခေါ် သကဲ့သို့ပင် ဖြစ်ပေသည်။ ခေတ်အဆက်ဆက်တွင် ထိုသာဓကများ ရှိသည်ကို ပစ်ပယ်၍ ကျမ်းတော်ပါ ယုတ္တိရှိသည့် တင်ပြချက်များကို ဒဏ္ဍာရီ ဝတ်ရုံများဖြင့် မလွှမ်းခြုံသင့်ပေ။

(၇၈၇) ဤသုတ်တော်တွင် ပြောဆိုသော **ဆဗာ** ဆိုသည်မှာ ခရစ်ယာန် သမ္မာကျမ်း ဓမ္မရာဇဝင် (၃) ၁၀ နှင့် ရာဇဝင်ချုပ် (၃) ၉ တွင် ဖေါ်ပြသော **ရှေဗာ** ပြည်ပင် ဖြစ်ပေသည်။ ဓမ္မခန္ဓာ ၃၄ တွင် ဤအမည်ကို ခေါင်းစီးအဖြစ် တွေ့ရသည်။

| | |
|---|---|
| စိုလိုင်မံ | **သူ** ပြန်ပြောသည်မှာ "သင် ဖြောင့်မှန်သလောဟု ကျွန်ုပ်တို့ စောင့်ကြည့်လတ္တံ့၊ သို့မဟုတ်က သင်သည် လိမ်လည်သူမှ ဖြစ်၏။ |
| ၂၈။<br>ပြန်ကြားမှု | **اذْهَب بِّكِتَابِي هَٰذَا فَأَلْقِهْ إِلَيْهِمْ ثُمَّ تَوَلَّ عَنْهُمْ فَانظُرْ مَاذَا يَرْجِعُونَ۞**<br>ဤ ကျွန်ုပ်၏ စာကို ယူသွား၍ သူတို့အား ပြသလော့၊ တဖန် လှည့်လာ၍ သူတို့၏ **ဦးလှည့်မှု**ကို စောင့်ကြည့်လော့၊" |
| ၂၉။ | **قَالَتْ يَا أَيُّهَا المَلأُ إِنِّي أُلْقِيَ إِلَيَّ كِتَابٌ كَرِيمٌ۞**<br>သူမက ပြောသည်မှာ "အို အကြံပေးတို့၊ ကျွန်ုပ်သည် ကျက်သရေရှိသော စာချွန်ကို တင်ပြခံရပြီ။ |
| ၃၀။ | **إِنَّهُ مِن سُلَيْمَانَ وَإِنَّهُ بِسْمِ اللَّهِ الرَّحْمَنِ الرَّحِيمِ۞**<br>၎င်းသည် စိုလိုင်မံထံမှပင် ဖြစ်၏။ ကေန်ပင် ၎င်း၌ ကရုဏာရှင် အကြင်နာရှင်ဖြစ်သော ပရမတ်ဘုရားရှင်၏ ဂုဏ်တော် အားဖြင့်– |
| ၃၁။ | **أَلَّا تَعْلُوا عَلَيَّ وَأْتُونِي مُسْلِمِينَ۞**<br>သင့် မြင့်မြတ်မှုသည် ကျွန်ုပ်အား မဆန့်ကျင်၊ ငြိမ်းချမ်းမှုဆောင်ခြင်းကို ကျွန်ုပ်အား ဆက်လော့၊"ဟု ဖြစ်၏။ |
| ၃၂။ | **قَالَتْ يَا أَيُّهَا المَلأُ أَفْتُونِي فِي أَمْرِي مَا كُنتُ قَاطِعَةً أَمْرًا حَتَّى تَشْهَدُونِ۞**<br>သူမက "အို အကြံပေးတို့၊ ကျွန်ုပ်၏ ဤအရေးအရာ၌ အကြံပေးကြလော့၊ သင်တို့၏ သက်သေခံချက်မရှိဘဲ မည့် သည့် အရေးအရာကိုမှ ကျွန်ုပ် မဆုံးဖြတ်ခဲ့ချေ၊"ဟု ဖြစ်သော်– |
| ၃၃။ | **قَالُوا نَحْنُ أُوْلُوا قُوَّةٍ وَأُولُوا بَأْسٍ شَدِيدٍ وَالْأَمْرُ إِلَيْكِ فَانظُرِي مَاذَا تَأْمُرِينَ۞**<br>သူတို့က "ကျွန်ုပ်တို့သည် အင်အားကို ပိုင်ဆိုင်၏၊ ပြတ်သားသော စွမ်းပကားကို ပိုင်ဆိုင်၏၊ စီမံချက်သည် သင့်ထံမှ ဖြစ်၏။ သို့ဖြင့် စီမံချက်ကိုသာ စောင့်စားလျှက် ရှိပါ၏၊"ဟု ဆိုကြ၏။ |
| ၃၄။ | **قَالَتْ إِنَّ الْمُلُوكَ إِذَا دَخَلُوا قَرْيَةً أَفْسَدُوهَا وَجَعَلُوا أَعِزَّةَ أَهْلِهَا أَذِلَّةً وَكَذَٰلِكَ يَفْعَلُونَ۞**<br>သူမ ပြန်ပြောသည်မှာ "ပြည့်ရှင်ဘုရင်တို့သည် မြို့ရွာတို့ကို ဝင်သောအခါ၊ ၎င်းကို ဖျက်ဆီးကြ၏။ ၎င်း၏ အရှိန်အဝါကို သေးသိမ်အောင် ပြုလုပ်ကြ၏။ ဤသို့ လုပ်ဆောင်ကြသည်သာတည်း။ |
| ၃၅။ | **وَإِنِّي مُرْسِلَةٌ إِلَيْهِم بِهَدِيَّةٍ فَنَاظِرَةٌ بِمَ يَرْجِعُ الْمُرْسَلُونَ۞**<br>ကျွန်ုပ်သည်မူ သူတို့ထံသို့ လက်ဆောင်ဘဏ္ဍာကို စေပို့၍၊ စေစားသူများ ပြန်လာသည်ကို စောင့်ကြည့်လတ္တံ့၊"ဟု ဖြစ်၏။ |
| ၃၆။<br>စိုလိုင်မံ | **فَلَمَّا جَاءَ سُلَيْمَانَ قَالَ أَتُمِدُّونَنِ بِمَالٍ فَمَا آتَانِيَ اللَّهُ خَيْرٌ مِّمَّا آتَاكُم بَلْ أَنتُم بِهَدِيَّتِكُمْ تَفْرَحُونَ۞**<br>သို့ဖြင့် ၎င်းသည် စိုလိုင်မံထံသို့ ရောက်လာသောအခါ၊ **သူ**က ဆိုသည်မှာ "သင်တို့သည် ကျွန်ုပ်အား ဥစ္စာပစ္စည်းကို တိုးပွားစေသလော ပရမတ်ဘုရားရှင်က ကျွန်ုပ်အား ချီးမြှင့်သည်မှာ အရှင်က သူတို့အား ချီးမြှင့်ထားသည်ထက် သာ လွန်ကောင်းမြတ်၏။ သင်တို့သည် လက်ဆောင်ဘဏ္ဍာအတွက် ဝမ်းမြောက်နေကြသလော၊– |
| ၃၇။ | **ارْجِعْ إِلَيْهِمْ فَلَنَأْتِيَنَّهُمْ بِجُنُودٍ لَّا قِبَلَ لَهُم بِهَا وَلَنُخْرِجَنَّهُم مِّنْهَا أَذِلَّةً وَهُمْ صَاغِرُونَ۞**<br>သူတို့ထံသို့ ပြန်သွားကြလော့၊ ကျွန်ုပ်တို့သည် သူတို့ မခုခံနိုင်သော တပ်မဟာဖြင့် ချီတက်လာလတ္တံ့၊ ထို့နောက် သူတို့အား ထိုမှ သိက္ခာချ၍ မောင်းထုတ်ပစ်လတ္တံ့၊ သူတို့သည် နာမည်ပျက်စွန့်ခွာရလတ္တံ့၊"ဟု ဖြစ်၏။ |

၃၈။ قَالَ يَا أَيُّهَا المَلأُ أَيُّكُمْ يَأْتِينِي بِعَرْشِهَا قَبْلَ أَن يَأْتُونِي مُسْلِمِينَ۞

သူက "အို အကြံပေးတို့၊ သူမသည် ငြိမ်းချမ်းရေးဆောင်သူအဖြစ် ရောက်မလာမီ သူမ၏ အာဏာအား[၇၈၈] ကျွန်ုပ်ထံသို့ သင်တို့မှ မည်သူက သိမ်းပေးနိုင်မည်နည်း။

၃၉။ ☆ ဖး၁၀၀ قَالَ عِفْرِيتٌ مِّنَ الْجِنِّ أَنَا آتِيكَ بِهِ قَبْلَ أَن تَقُومَ مِن مَّقَامِكَ وَإِنِّي عَلَيْهِ لَقَوِيٌّ أَمِينٌ۞

ပုတုဇဉ် စစ်သူရဲတစ်ဦးက☆ "သင်သည် သင်၏ နန်းတော်မှ ထမရပ်မီ ကျွန်ုပ်သည် ၎င်းကို သင့်ထံသို့ ပေးအပ်ပါမည်။ ထို့အတွက် ကျွန်ုပ်၌ ရှင်းရှင်းလင်းလင်း အင်အားရှိပါ၏၊"ဟု ဆို၏။

၄၀။ قَالَ الَّذِي عِندَهُ عِلْمٌ مِّنَ الْكِتَابِ أَنَا آتِيكَ بِهِ قَبْلَ أَن يَرْتَدَّ إِلَيْكَ طَرْفُكَ فَلَمَّا رَآهُ مُسْتَقِرًّا عِندَهُ قَالَ هَذَا مِن فَضْلِ رَبِّي لِيَبْلُوَنِي أَأَشْكُرُ أَمْ أَكْفُرُ وَمَن شَكَرَ فَإِنَّمَا يَشْكُرُ لِنَفْسِهِ وَمَن كَفَرَ فَإِنَّ رَبِّي غَنِيٌّ كَرِيمٌ۞

သူ့အပါး ကျမ်းစာ သိကျွမ်းသူတစ်ဦးက "၎င်းကို ကျွန်ုပ်သည် သင့်ထံသို့ မျက်ခြည်တစ်ပြတ်အတွင်း၌ ပေးအပ်နိုင်ပါ၏၊" ဟု ဆို၏။[၇၈၉] ထို့နောက် ထိုနေရာထိုင်ခင်းကို သူ့အပါး၌ တွေ့မြင်သောအခါ၊ သူက ပြောသည်မှာ "ဤသည် ကံကြမ္မာ ရှင်မှ သိက္ခာပေးခြင်း ဖြစ်၏။ ကျေးဇူးသိတတ်သလော၊ ဖုံးကွယ်တတ်သလောဟု ကျွန်ုပ်အား စုံစမ်းခြင်း ဖြစ်၏။ ကျေးဇူးကို သိတတ်သောသူသည် သူ့ဥာဉ်စရိုက်အတွက် ကျေးဇူးသိတတ်သည် မည်၏။ ဖုံးကွယ်လေသော သူအတွက်မူ၊ ဧကန်ပင် ကျွန်ုပ်၏ ကံကြမ္မာရှင်သည် ကုံလုံပြည့်စုံတော်မူ၏၊ ကျက်သရေနှင့်ပြည့်စုံတော်မူ၏။"

၄၁။ ဖွဲ့စည်းပုံသစ် قَالَ نَكِّرُوا لَهَا عَرْشَهَا نَنظُرْ أَتَهْتَدِي أَمْ تَكُونُ مِنَ الَّذِينَ لَا يَهْتَدُونَ۞

သူမ၏အာဏာကို သူမအတွက် **ပုံစံသစ်**ပြုလုပ်လော့၊ သူမသည် လမ်းညွှန်ကို လိုက်သလော၊ သို့မဟုတ် လမ်းညွှန် မလိုက်ဘဲ ဆက်နေသလောကို စောင့်ကြည့်လော့။

၄၂။ فَلَمَّا جَاءتْ قِيلَ أَهَكَذَا عَرْشُكِ قَالَتْ كَأَنَّهُ هُوَ وَأُوتِينَا الْعِلْمَ مِن قَبْلِهَا وَكُنَّا مُسْلِمِينَ۞

သူမ ရောက်လာသောခါ၊ "သင့် အာဏာအတိုင်း ဖြစ်သလော၊"ဟု မေးသော်၊ သူမက "အရင်အတိုင်းပါပဲ။ ထို့မတိုင်မီကပင် ကျွန်ုပ်တို့ထံ အသိ ပေးခြင်းခံခဲ့ရပေပြီ၊ ကျွန်ုပ်တို့သည် ငြိမ်းချမ်းရေးဆောင်သူများ ဖြစ်ပါ၏၊"ဟု ဆို၏။

---

(၇၈၈) **عَرْش အာ့ရ်ရှ်** ဆိုသည်မှာ ရာဇပလ္လင်အား ထပ်ဆင့်မိုးထားသော အပေါ်မိုးကို ခေါ်၍၊ ရာဇပလ္လင်ထက်မှ အာဏာဟု ဆိုလိုပေသည်။ (၁၀း၃) ဒဏ္ဍာရီဆရာတော်ကြီး အများစုက **ဆဗာ** ဘုရင်မထိုင်သော ရာဇပလ္လင်ခုံကို စိုလိုင်မံ၏ဆီသို့ ယူဆောင်လာရန် စိုလိုင်မံက လက်အောက်ငယ်သားများကို စေစားကြောင်း ထိုအထဲမှ **ဂျင်** (ဖး၁၀၀) တစ်ဦးက ထိုရာဇပလ္လင်အား ယူပေးမည်ဟု ပြောဆိုကြောင်း၊ နောက်ဆုံး ကျမ်းတတ်ပုဂ္ဂိုလ်တစ်ဦးမှ ထိုရာဇပလ္လင်အား ယူပေးခဲ့ကြောင်းများကို တွင်တွင်ကျယ်ကျယ် ရေးသားပြောဆိုကြပေသည်။ စိုလိုင်မံကဲ့သို့ ပြည့်ရှင်မင်းကြီး တစ်ပါး အနေဖြင့် ထိုရုပ်ဝတ္ထုထိုင်ခုံအား မည်သည်ကြောင့် ယူရမည်နည်းဟု ထည့်စဉ်းစားမိဟန်မရှိချေ။ စိုလိုင်မံသည် ထိုင်ခုံအား လိုချင်သူမဟုတ်ပေ၊ သစ္စာတရားအား ဖြန့်ချိသည့် အင်ပါယာကိုတိုးချဲ့လိုသူသာ ဖြစ်ပေသည်။ သို့သော် သူသည် အတင်း တဖက်သတ်အာဏာသိမ်းခဲ့ခြင်း မရှိချေ။ အောက်မှ ရှင်းလင်းချက်ကို ဆက်ဖတ်ပါ။

(၇၈၉) စိုလိုင်မံသည် ထို ပုတုဇဉ် သူရဲကောင်းက အာဏာသိမ်းပေးမည် ဆိုခြင်းကို လက်မခံခဲ့ကြောင်း၊ ကျမ်းတတ်ပုဂ္ဂိုလ် အကြံဉာဏ်ကိုသာ လက်ခံခဲ့ကြောင်း ဤသုတ်တော်က ဖော်ပြပေသည်။ ထိုကျမ်းတတ်ပုဂ္ဂိုလ်က မျက်စိတစ်မှိတ် အတွင်းပေးအပ်နိုင်သည်ဟု ပြောခဲ့ခြင်းမှာ အလွန်တိုတောင်းသော ကာလအတွင်း စိုလိုင်မံ၏ ဆန္ဒဖြစ်သည့် သူ့မ၏ အာဏာကို ရယူနိုင်သော နည်းနာ ဥပဒေကို ရေးဆွဲပေးခြင်းပင် ဖြစ်သည်။ ကျမ်းတတ်ပုဂ္ဂိုလ် ဆိုသည်မှာ "သိပ္ပံပညာရှင်၊ စွမ်းအားရှင်" ဟု အနက်ကို မပေးပေ။ ကျမ်းတတ်ပုဂ္ဂိုလ်ဆိုသည်မှာ ဥပဒေပညာရှင်ဟုသာ ဆိုလိုပေသည်။ ကျမ်းတော် ဆိုသည်မှာ ဥပဒေ၊ ဥပဒေသများကို ပြဋ္ဌာန်းသော စာအုပ်သာ ဖြစ်ကြောင်း ဤကုရ်အံကျမ်းတော်၏ နေရာပေါင်းများစွာတွင် ပြောဆိုပေသည်။ ထိုပုဂ္ဂိုလ်က **ဆဗာ**နိုင်ငံကို စိုလိုင်မံအုပ်ချုပ်သော နိုင်ငံတော်ကြီး၏ အဖွဲ့ဝင်နိုင်ငံဖြစ်ရန် ဥပဒေပြုပေးနိုင်ခြင်း ဖြစ်ပေသည်။ ထိုအကြောင်းကို သုတ်တော် (၄၁) တွင် သူမအတွက် အုပ်ချုပ်မှုပုံစံသစ် ပြုလုပ်ပေးကြောင်း၊ သုတ်တော် (၄၂)တွင် ထိုအုပ်ချုပ်ရေး ပုံစံသစ်သည်၊ သူမ၏ ယခင်အာဏာထက် မနိမ့်ကြောင်း **အရင်အတိုင်းပါပဲ** ဟု သည့် စကားက ဖော်ပြနေပေသည်။ သူမသည် စိုလိုင်မံထံသို့ လူကိုယ်တိုင် ရောက်မလာမီကပင် ထိုအုပ်ချုပ်ရေး ပုံစံသစ်ကို ကြိုတင် အကြောင်းကြားထားပြီး ဖြစ်၍၊ သူမက ထိုငြိမ်းချမ်းရေးကို သဘောတူညီခဲ့ကြောင်း အဆိုပါသုတ်တော်တွင် အတိအကျ ဖော်ပြထားပေသည်။ သုတ်တော် (၄၂)မှ "ကျွန်ုပ်တို့ထံ အသိပေးခြင်း ခံခဲ့ရပေပြီ------" ဝါကျကို စိုလိုင်မံက ပြောသော ဝါကျဖြစ်သည်ဟု မူရင်းတွင် မပါသော အရာကို အစာသွပ် မပြန်ဆိုသင့်ပေ။

| | |
|---|---|
| ၄၃။ | وَصَدَّهَا مَا كَانَت تَّعْبُدُ مِن دُونِ اللَّهِ إِنَّهَا كَانَتْ مِن قَوْمٍ كَافِرِينَ۝<br>သူမသည် ပရမတ်ဘုရားရှင်အား တုပြိုင်လျက် အခြားဘုရားရှိသည်ဟု ကိုးကွယ်ခဲ့ခြင်းက သူမအား အတားအဆီး ဖြစ်ခဲ့သည်။ သူမသည် ဖုံးကွယ်သော လူမျိုးမှ ဖြစ်ခဲ့ရ၏။ |
| ၄၄။ | قِيلَ لَهَا ادْخُلِي الصَّرْحَ فَلَمَّا رَأَتْهُ حَسِبَتْهُ لُجَّةً وَكَشَفَتْ عَن سَاقَيْهَا قَالَ إِنَّهُ صَرْحٌ مُّمَرَّدٌ مِّن قَوَارِيرَ قَالَتْ رَبِّ إِنِّي ظَلَمْتُ نَفْسِي وَأَسْلَمْتُ مَعَ سُلَيْمَانَ لِلَّهِ رَبِّ الْعَالَمِينَ۝<br>သူမအား "နန်းတော်သို့ ဝင်ရောက်ပါ"ဟု ဖိတ်ခေါ်၍၊ သူမ တွေ့မြင်ရသည်ကို ရေပြင်ကြီးအလား ထင်မှတ်သော ကြောင့် ခြေသလုံးကို ဖော်မိ၏။[၇၉၀] သူက "ဤသည် မှန်သားပြင် ခင်းသော နန်းတော်ပင်ဖြစ်၏"ဟု ဆို၏။ သူမက "အို ကံကြမ္မာရှင် တပည့်တော်မသည် ဉာဉ်စရိုက်ကို အဝိဇ္ဇာစီးမိခဲ့ပါပြီ၊ လောကဓပ်သိမ်း၏ ကံကြမ္မာရှင် ဖြစ်သော ပရမတ် ဘုရားရှင်အတွက် စိုလိုင်မံနှင့်အတူ ငြိမ်းချမ်းရေးပြုပါတော့မည်"ဟု ရင့်ကျူး၏။ |
| ၄၅။ | وَلَقَدْ أَرْسَلْنَا إِلَىٰ ثَمُودَ أَخَاهُمْ صَالِحًا أَنِ اعْبُدُوا اللَّهَ فَإِذَا هُمْ فَرِيقَانِ يَخْتَصِمُونَ۝<br>ငါသည် သမု–တ်တို့ထံသို့ သူတို့၌ အသင်းနှစ်သင်းကွဲ၍ တင်းမာနေစဉ် "ပရမတ်ဘုရားရှင်ကိုသာ ကိုးကွယ်ဆည်းကပ် ကြရန်" သူတို့၏ သားချင်း ဆွာလေဟ်ကို မုချ စေစား၍– |
| ၄၆။ | قَالَ يَا قَوْمِ لِمَ تَسْتَعْجِلُونَ بِالسَّيِّئَةِ قَبْلَ الْحَسَنَةِ لَوْلَا تَسْتَغْفِرُونَ اللَّهَ لَعَلَّكُمْ تُرْحَمُونَ۝<br>သူက "အို ကျွန်ုပ်၏ လူမျိုးတို့ သင်တို့ အပေါ် ကရုဏာသက်အံ့သောငှာ ပရမတ်ဘုရားရှင်ထံ၌ လွတ်ငြိမ်းဆုပန်ခြင်း ဟူသည့် ကောင်းမှု မတိုင်မီ အကုသိုလ်မှု၌ အဘယ်ကြောင့် အလေတကြီး ရှိကြသနည်း၊"ဟု ဆိုသော်၊ |
| ၄၇။ | قَالُوا اطَّيَّرْنَا بِكَ وَبِمَن مَّعَكَ قَالَ طَائِرُكُمْ عِندَ اللَّهِ بَلْ أَنتُمْ قَوْمٌ تُفْتَنُونَ۝<br>သူတို့က "အသင်၊ အသင်နှင့်အတူရှိသူတို့ကြောင့် ကျွန်ုပ်တို့မှာ နိမိတ်ဆိုးသာ ရှိ၏"ဟု ဆို၏၊ သူက "သင်တို့အတွက် နိမိတ်ဆိုးမှာ ပရမတ်ဘုရားရှင်၏ ထံမှဖြစ်၏။ အမှန်မှာ အသင်တို့သည် စမ်းသပ်ခံ လူမျိုးပင် ဖြစ်၏"ဟု ပြန်ပြော၏။ |
| ၄၈။ | وَكَانَ فِي الْمَدِينَةِ تِسْعَةُ رَهْطٍ يُفْسِدُونَ فِي الْأَرْضِ وَلَا يُصْلِحُونَ۝<br>မြို့တွင်း၌ မြေကမ္ဘာအား အဖျက်အနှောက်ပြုသော ဂိုဏ်းခေါင်းဆောင် ကိုးယောက် ရှိ၏၊ သူတို့သည် ပြုပြင်သူများ မဟုတ်ချေ။ |
| ၄၉။ | قَالُوا تَقَاسَمُوا بِاللَّهِ لَنُبَيِّتَنَّهُ وَأَهْلَهُ ثُمَّ لَنَقُولَنَّ لِوَلِيِّهِ مَا شَهِدْنَا مَهْلِكَ أَهْلِهِ وَإِنَّا لَصَادِقُونَ۝<br>သူတို့က ပရမတ်ဘုရားရှင်ကိုတည်၍ ကျမ်းကျိန်ကြသည်မှာ "ကျွန်ုပ်တို့သည် သူနှင့် သူ့ဝိုင်းတော်သားများကို သန်း ခေါင်ယံ သုတ်သင်ရေးပြုလုပ်မည်၊ ထို့နောက် သူ့ကွပ်ကဲသူအား "သူ့ဝိုင်းသားများ ပျက်သုဉ်းသည်ကို ကျွန်ုပ်တို့ သက် သေမဟုတ်ပါ၊ ကျွန်ုပ်တို့သည် ဖြောင့်မှန်သူများ ဖြစ်ပါ၏"ဟု ပြောကြားမည်၊ ဟု ဖြစ်၏။ |
| ၅၀။ | وَمَكَرُوا مَكْرًا وَمَكَرْنَا مَكْرًا وَهُمْ لَا يَشْعُرُونَ۝<br>သူတို့သည် အကြံအစည် ကြံစည်နေကြ၏။ ငါလည်း အကြံအစည် ကြံစည်နေတော်မူ၏၊ သူတို့ သတိမမူနိုင်ကြချေ။ |

(၇၉၀) ဤသုတ်တော်မှ **كَشَفَتْ عَن سَاقَيْهَا ကရုဖတ် အန်း ဆာကိုင်းဟာ**၏ တိုက်ရိုက် အဓိပ္ပါယ်မှာ **ခြေသလုံးကို ဖော်မိသည်၊** ဟု ဖြစ်ပေသည်။ သို့ သော် ပြဿနာ တစ်ရပ်ကို ရင်ဆိုင်ရမည့် အခါတွင် မြန်မာများအနေဖြင့် ခါးထောင်းကျိုက် သကဲ့သို့ (လုံချည်ကို ပြင်၍ တိုတို ဝတ်လိုက် သကဲ့သို့) အာရပ်လောကတွင် **ပြဿနာတစ်ရပ် အခက်အခဲ တစ်ရပ်ကြုံ** ရချိန်၌ **الكشف عن الساق သူသည် အခက်အခဲကို ရင်ဆိုင်ရန် ပြင် ဆင်သည်**ဟု သုံး ပေသည်။ ထို့ကြောင့် အချို့ဆရာတော်ကြီးများက ဤစကားကို သူမအတွက် အထူးအဆန်း တစ်ခုကို မြင်တွေ့လိုက်ရသောကြောင့် **အခက်အခဲနှင့် ကြုံတွေ့ရသည်၊** ဟု ပြန်ဆိုကြပေသည်။ ၆၈း၄၂ နှင့် ၇၅း၂၉ တွင် ဤစကားလုံး **سَاق ဆာက** ကိုတွေ့ပြီး အခက်အခဲနှင့်ကြုံ ရချိန်ဟု ပြန်ဆိုသည်များ ရှိပေသည်။

| | |
|---|---|
| ၅၁။ | فَانظُرْ كَيْفَ كَانَ عَاقِبَةُ مَكْرِهِمْ أَنَّا دَمَّرْنَاهُمْ وَقَوْمَهُمْ أَجْمَعِينَ۞<br>သူတို့ ကြံစည်မှု၏ နိဂုံးမှာ မည်သို့ဖြစ်ကြောင်း စောင့်ကြည့်လော့၊ ငါသည် သူတို့ လူမျိုး အားလုံးကို ဖျက်သိမ်းတော်မူလိုက်၏။ |
| ၅၂။ | فَتِلْكَ بُيُوتُهُمْ خَاوِيَةً بِمَا ظَلَمُوا إِنَّ فِي ذَٰلِكَ لَآيَةً لِّقَوْمٍ يَعْلَمُونَ۞<br>ဤမှာ သူတို့၏ အမိုက်စီးမှုများကြောင့် ပျက်စီးယိုယွင်းနေသော သူတို့၏ အိမ်ယာများပင် ဖြစ်၏။ ကေန်ပင် ဤ၌ အသိရှိသော လူမျိုးအတွက် လက္ခဏာတစ်ရပ် ရှိနေ၏။ |
| ၅၃။ | وَأَنجَيْنَا الَّذِينَ آمَنُوا وَكَانُوا يَتَّقُونَ۞<br>ငါသည် ယုံကြည်သောသူ၊ စည်းစောင့်မှု၌ရှိသူတို့ကို ကယ်နုတ်တော်မူ၏။ |
| ၅၄။ | وَلُوطًا إِذْ قَالَ لِقَوْمِهِ أَتَأْتُونَ الْفَاحِشَةَ وَأَنتُمْ تُبْصِرُونَ۞<br>လု–တ်က သူ၏ လူမျိုးအား ပြောသည်မှာ "သင်တို့သည် မြင်နေလျက်နှင့်ပင် မကြားဝံ့မနာသူမှုကို လက်ခံသလော၊ |
| ၅၅။ | أَئِنَّكُمْ لَتَأْتُونَ الرِّجَالَ شَهْوَةً مِّن دُونِ النِّسَاء بَلْ أَنتُمْ قَوْمٌ تَجْهَلُونَ۞<br>သင်တို့သည် အမျိုးသမီးများကို ဆန့်ကျင်လျှက် အမျိုးသားများကိုသာ မေထုံပြုရန် လက်ခံနေကြ၏။ အမှန်မှာ သင်တို့သည် ပညာမဲ့သော လူမျိုးသာ ဖြစ်သတည်း၊"ဟု ဖြစ်၏။ |
| ၅၆။ | فَمَا كَانَ جَوَابَ قَوْمِهِ إِلَّا أَن قَالُوا أَخْرِجُوا آلَ لُوطٍ مِّن قَرْيَتِكُمْ إِنَّهُمْ أُنَاسٌ يَتَطَهَّرُونَ۞<br>"သန့်စင်လိုသော လူသားများ ဖြစ်သည့် လု–တ်နှင့် သူ့ဝိုင်းသားများကို သင်တို့၏ အရပ်မှ မောင်းထုတ်ကြ၊"ဟု ဆိုခြင်းမှအပ လူမျိုးထံမှ အခြား တုံ့ပြန်မှု မရှိပြီ။ |
| ၅၇။ | فَأَنجَيْنَاهُ وَأَهْلَهُ إِلَّا امْرَأَتَهُ قَدَّرْنَاهَا مِنَ الْغَابِرِينَ۞<br>အမျိုးသမီးတစ်ဦးမှအပ သူနှင့် သူ့ဝိုင်းသားများကို ငါ ကယ်နုတ်တော်မူ၏။ ငါသည် သူမအား ကျန်နေသူများမှ ဖြစ်စေ၍ ဖျက်သိမ်းပစ်တော်မူ၏။ |
| ၅၈။<br>☆<br>၇:၈၄ | وَأَمْطَرْنَا عَلَيْهِم مَّطَرًا فَسَاء مَطَرُ الْمُنذَرِينَ۞<br>ငါသည် သူတို့အပေါ်သို့ မိုးသည်းကြီးကို မိုးသည်းရွာစေ၏။ သတိပေးခံရသူများအား အကုသိုလ် မိုးသည်းထိလေ၏၊☆ |
| ၅၉။ | قُلِ الْحَمْدُ لِلَّهِ وَسَلَامٌ عَلَى عِبَادِهِ الَّذِينَ اصْطَفَى آللَّهُ خَيْرٌ أَمَّا يُشْرِكُونَ۞<br>"ရည်သန်စူးစိုက်မှုအပေါင်းသည် ပရမတ်ဘုရားရှင်အဘို့ဖြစ်၏။ အရှင့် ရွေးချယ်ခံ အမှုတော်ဆောင်များ အပေါ်သို့ ငြိမ်းချမ်းသာယာပါစေ။ အမြတ်ဆုံးသည် ပရမတ်ဘုရားရှင်လော၊ သို့မဟုတ် ရောပြွမ်းကိုးကွယ်ခံများလော၊"ဟု ပြောလော့။ |
| ၆၀။ | أَمَّنْ خَلَقَ السَّمَاوَاتِ وَالْأَرْضَ وَأَنزَلَ لَكُم مِّنَ السَّمَاء مَاء فَأَنبَتْنَا بِهِ حَدَائِقَ ذَاتَ بَهْجَةٍ مَّا كَانَ لَكُمْ أَن تُنبِتُوا شَجَرَهَا أَإِلَهٌ مَّعَ اللَّهِ بَلْ هُمْ قَوْمٌ يَعْدِلُونَ۞<br>အရှင်သည် မိုးများနှင့် မြေကို ဖြစ်တည်စေသည်၊ သင်တို့အဘို့ ကောင်းကင်ယံမှ မိုးရေကို သွန်းချစေသည် မဟုတ်လော၊ ငါသည် ၎င်းဖြင့် ရှုခင်း အပြည့် ဥယျာဉ်ရိုင်းများကို ပေါက်ရောက်စေ၏။ ထိုမှ သစ်ပင်များကို သင်တို့က ပေါက်ရောက်စေနိုင်ခြင်း မရှိခဲ့ချေ၊ ပရမတ်ဘုရားရှင်နှင့်အတူ အခြားဘုရားဟု ရှိသလော၊ အမှန်မှာ သူတို့သည် ဘက်ပြောင်းသူများသာ ဖြစ်ကြ၏။ |
| ၆၁။ | أَمَّن جَعَلَ الْأَرْضَ قَرَارًا وَجَعَلَ خِلَالَهَا أَنْهَارًا وَجَعَلَ لَهَا رَوَاسِيَ وَجَعَلَ بَيْنَ الْبَحْرَيْنِ حَاجِزًا أَإِلَهٌ مَّعَ اللَّهِ |

| | |
|---|---|
| | بَلْ أَكْثَرُهُمْ لَا يَعْلَمُونَ۞<br>အရှင်သည် မြေကမ္ဘာအား နားခိုရာဘုံ အဖြစ် စီမံပေးသည်၊ ၎င်း၌ ဖြတ်သန်းသော မြစ်များကို စီမံပေးသည်၊ ၎င်း အတွက် ခိုင်ခန့်သော တောင်များကို စီမံပေးသည်၊ ပင်လယ်နှစ်ခုကြား စည်းခြားမှုကို စီမံပေးသည် မဟုတ်လော၊ ပရမတ်ဘုရားရှင်နှင့်အတူ အခြား ဘုရားဟု ရှိသလော၊ အမှန်မှာ သူတို့မှ အများစုသည် အသိရှိကြသည် မဟုတ်ချေ။[၇၉၁] |
| ၆၂။ | أَمَّن يُجِيبُ الْمُضْطَرَّ إِذَا دَعَاهُ وَيَكْشِفُ السُّوءَ وَيَجْعَلُكُمْ خُلَفَاء الْأَرْضِ أَإِلَهٌ مَّعَ اللَّهِ قَلِيلًا مَّا تَذَكَّرُونَ۞<br>အရှင်သည် ဘေးဒဏ်ထိသင့်ခံရသူတို့၏ ဆုတောင်းခြင်းကို အလိုတူတော်မူ၍ အကုသိုလ်မှ ဖယ်ရှားပေးတော်မူသည်၊ သင်တို့အား ကမ္ဘာမြေ၏ သမ္မတမင်းများ ဖြစ်စေသည် မဟုတ်လော၊ ပရမတ်ဘုရားရှင်နှင့်အတူ အခြားဘုရားဟု ရှိသလော၊ အနည်းငယ်မျှပင် သတိရနိုင်ခြင်း မရှိချေတကား။ |
| ၆၃။ | أَمَّن يَهْدِيكُمْ فِي ظُلُمَاتِ الْبَرِّ وَالْبَحْرِ وَمَن يُرْسِلُ الرِّيَاحَ بُشْرًا بَيْنَ يَدَيْ رَحْمَتِهِ أَإِلَهٌ مَّعَ اللَّهِ تَعَالَى اللَّهُ عَمَّا يُشْرِكُونَ۞<br>အရှင်သည် ကြည်း ရေ နှစ်ပါး အမှောင်ထုမှ သင်တို့အား လမ်းညွှန်ပြခဲ့သည်။ အရှင်သည် အရှင့် မျက်မှောက်တော်မှ ကရုဏာ သတင်းကောင်းဆောင် လေအား စေပို့ခဲ့သည် မဟုတ်လော၊ ပရမတ်ဘုရားရှင်နှင့်အတူ အခြားဘုရားဟု ရှိသလော၊ ပရမတ်ဘုရားရှင်သည် သင်တို့ရောပြွန်းကိုးကွယ်သည်များထက် ကြီးကျယ်မြင့်မြတ်တော်မူ၏။ |
| ၆၄။ | أَمَّن يَبْدَأُ الْخَلْقَ ثُمَّ يُعِيدُهُ وَمَن يَرْزُقُكُم مِّنَ السَّمَاء وَالْأَرْضِ أَإِلَهٌ مَّعَ اللَّهِ قُلْ هَاتُوا بُرْهَانَكُمْ إِن كُنتُمْ صَادِقِينَ۞<br>အရှင်သည် ဖြစ်တည်စေခြင်းကို စတည်သည်၊ ၎င်းကို အထပ်ထပ်အဖန်ဖန် ဖြစ်စေသည်၊ အရှင်သည် သင်တို့အား မိုးများနှင့် မြေမှ ရိက္ခာထောက်တော်မူသည် မဟုတ်လော၊ ပရမတ်ဘုရားရှင်နှင့်အတူ အခြားဘုရားဟု ရှိသလော၊ "သင်တို့သည် ဖြောင့်မှန်သူများ ဖြစ်လျှင် သင်တို့၏ အထောက်အထားများကို ပေးအပ်ကြ၊"ဟု ဟောပြောလော့။ |
| ၆၅။ | قُل لَّا يَعْلَمُ مَن فِي السَّمَاوَاتِ وَالْأَرْضِ الْغَيْبَ إِلَّا اللَّهُ وَمَا يَشْعُرُونَ أَيَّانَ يُبْعَثُونَ۞<br>ဟောလော့ "ပရမတ်ဘုရားရှင်မှ အပ မိုးများနှင့် မြေအတွင်း မည်သူမှ စကြ္ဝာလွန်ကို မသိနိုင်ချေ၊ သူတို့သည် မည်သည့် အခါတွင် စုရုံးနိုးကြွရမည်ကိုလည်း သတိမမူမိကြချေ။" |
| ၆၆။ | بَلِ ادَّارَكَ عِلْمُهُمْ فِي الْآخِرَةِ بَلْ هُمْ فِي شَكٍّ مِّنْهَا بَلْ هُم مِّنْهَا عَمُونَ۞<br>အမှန်မှာ၊ သူတို့၏ သိနိုင်အားသည် နောင်ဘဝထိ မရောက်မှီချေ။ အမှန်မှာ သူတို့သည် ထိုအတွက် သံသယထဲ၌သာ ရှိ၏၊ အမှန်မှာ ၎င်းနှင့်ပတ်သက်၍ အကန်းများသာ ဖြစ်ကြကုန်၏။ |
| ၆၇။ | وَقَالَ الَّذِينَ كَفَرُوا أَئِذَا كُنَّا تُرَابًا وَآبَاؤُنَا أَئِنَّا لَمُخْرَجُونَ۞<br>ဖုံးကွယ်သော သူများက ပြောကြသည်မှာ "ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့၏ ဘဘိုးတို့သည် မြေမှုန့်ဖြစ်ပြီးသောအခါ၊ ပြန်လည်ထုတ်ယူခြင်း ခံရမည်လော၊ |
| ၆၈။ | لَقَدْ وُعِدْنَا هَذَا نَحْنُ وَآبَاؤُنَا مِن قَبْلُ إِنْ هَذَا إِلَّا أَسَاطِيرُ الْأَوَّلِينَ۞<br>ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့၏ ဘဘိုးများကို ယခင်ကလည်း ဤသို့ တူညီသော ကတိကို မုချပေးခဲ့ချေပြီ။ ဤသည် ရှေးဦး |

(၇၉၁) ထိုခေတ်ထိုအခါကပင် ကျမ်းတော်က ဖော်ပြသော ကမ္ဘာ ဆိုသည်မှာ မိမိတို့သိထားသော ပတ်ဝန်းကျင်ကလေးသာ မဟုတ်တော့ပေ။ ဤကမ္ဘာဂြိုလ်ကြီးတစ်ခုလုံးကို ပြောဆိုပေသည်။ ထို့အကြောင်းကို ကမ္ဘာ့အခြမ်းကြီးနှစ်ခုအားဖြင့် စည်းခြားနေသော သမုဒ္ဒရာကြီးနှစ်ခုအားဖြင့် ဖော်ပြထားပေသည်။ ထို့ကြောင့်ကိုယ်တော်မုဟမ္မဒ်သည် ဤကမ္ဘာဂြိုလ် တစ်ခုလုံးအတွက် နောက်ဆုံးအဖြစ် ပွင့်ပေါ်ခဲ့သော ဥဏ်စဉ်တော်ဆောင် ဖြစ်ပေသည်။ မိမိ၏ ပတ်ဝန်းကျင်ဒေသ ကမ္ဘာလေးတစ်ခုအတွက်သာ ပွင့်ပေါ်ခဲ့ခြင်း မဟုတ်ပေ။

| | |
|---|---|
| | ပထမလူဟောင်းများ၏ ဒဏ္ဍာရီမျှသာ ဖြစ်ပေသတည်း၊''ဟု ဖြစ်၏။ |
| ၆၉။ | **قُلْ سِيرُوا فِي الْأَرْضِ فَانظُرُوا كَيْفَ كَانَ عَاقِبَةُ الْمُجْرِمِينَ۝**<br>''မြေကမ္ဘာအတွင်း သွားလာ၍ ရာဇဝတ်ကောင်များ၏ နိဂုံး မည်သို့ချုပ်ခဲ့ရသည်ကို ကြည့်ရှုကြ၊''ဟု ဟောလော့။ |
| ၇၀။ | **وَلَا تَحْزَنْ عَلَيْهِمْ وَلَا تَكُن فِي ضَيْقٍ مِّمَّا يَمْكُرُونَ۝**<br>သူတို့အတွက် စိတ်မပူလင့်၊ သူတို့၏ ကြံစည်မှုများကြောင့် စိတ်မပင်ပန်းခြင်း၌ မရှိလင့်။ |
| ၇၁။ | **وَيَقُولُونَ مَتَى هَذَا الْوَعْدُ إِن كُنتُمْ صَادِقِينَ۝**<br>သင်သည် ဖြောင့်မှန်သူ ဖြစ်လျှင် ထိုကတိသည် မည်သည့်အခါ ရောက်လာမည်နည်း ဟု ပြောလိုကြ၏။ |
| ၇၂။ | **قُلْ عَسَى أَن يَكُونَ رَدِفَ لَكُم بَعْضُ الَّذِي تَسْتَعْجِلُونَ۝**<br>ဟောလော့ ''သင်တို့ စိတ်စောနေသော အရာ၏ တစ်စိတ်တစ်ပိုင်းသည် သင်တို့ထံသို့ နီးစပ်လျက် ရှိကောင်း၏၊'' |
| ၇၃။ | **وَإِنَّ رَبَّكَ لَذُو فَضْلٍ عَلَى النَّاسِ وَلَكِنَّ أَكْثَرَهُمْ لَا يَشْكُرُونَ۝**<br>ကေနပင် သင်၏ ကံကြမ္မာရှင်သည် လူသားတို့အပေါ်၌ သိက္ခာပေးခြင်း ပိုင်စိုးသော အရှင် ဖြစ်၏၊ သို့ရာတွင် သူတို့မှ အများစုကြီးသည် ကျေးဇူးသိတတ်ခြင်း မရှိချေ။ |
| ၇၄။ | **وَإِنَّ رَبَّكَ لَيَعْلَمُ مَا تُكِنُّ صُدُورُهُمْ وَمَا يُعْلِنُونَ۝**<br>ကေနပင် သင်၏ ကံကြမ္မာရှင်သည် သူတို့၏ အဇ္ဈတ္တ၊ ဗဟိဒ္ဓ၌ ရှိရာများကို သိနေတော်မူ၏။ |
| ၇၅။ | **وَمَا مِنْ غَائِبَةٍ فِي السَّمَاء وَالْأَرْضِ إِلَّا فِي كِتَابٍ مُّبِينٍ۝**<br>မိုးများနှင့် မြေကမ္ဘာအတွင်း ရှိသည်များသည် ထိန်ချန်ပျက်ကွက်နေသည်ဟု မရှိ၊ ရှင်းလင်းသော ကျမ်းတော်အတွင်း၌ ပါရှိသည်သာ ဖြစ်၏။ |
| ၇၆။ | **إِنَّ هَذَا الْقُرْآنَ يَقُصُّ عَلَى بَنِي إِسْرَائِيلَ أَكْثَرَ الَّذِي هُمْ فِيهِ يَخْتَلِفُونَ۝**<br>ကေနပင် ဤကုရ်အံကျမ်း၌ ဂျူးလူမျိုးတို့အကြောင်းကို ဖွင့်ပြလေ၏၊ သူတို့မှ အများစုမှာ ၎င်းမှ ကွဲပြားနေကြ၏။ |
| ၇၇။<br>ကုရ်<br>အံ | **وَإِنَّهُ لَهُدًى وَرَحْمَةٌ لِّلْمُؤْمِنِينَ۝**<br>ကေနပင် **၎င်း**သည် ယုံကြည်သူများအတွက် လမ်းညွှန်တော် ကရုဏာတော်ဖြစ်၏။ |
| ၇၈။ | **إِنَّ رَبَّكَ يَقْضِي بَيْنَهُم بِحُكْمِهِ وَهُوَ الْعَزِيزُ الْعَلِيمُ۝**<br>ကေနပင် သင့်ကံကြမ္မာရှင်သည် သူတို့ကြား၌ ဓမ္မသတ်ဖြင့် ဆုံးဖြတ်ချမှတ်လိမ့်မည်၊ အရှင်သည် ဘုန်းတော်အရှင် သိနေတော်မူသော အရှင်ဖြစ်၏။ |
| ၇၉။ | **فَتَوَكَّلْ عَلَى اللَّهِ إِنَّكَ عَلَى الْحَقِّ الْمُبِينِ۝**<br>သို့ဖြစ်၍ ပရမတ်ဘုရားရှင်အား ယုံပုံကိုးစားလော့၊ ကေနပင် အသင်သည် ရှင်းလင်းသော သစ္စာတရားပေါ်၌ ရှိ၏။ |
| ၈၀။ | **إِنَّكَ لَا تُسْمِعُ الْمَوْتَى وَلَا تُسْمِعُ الصُّمَّ الدُّعَاء إِذَا وَلَّوْا مُدْبِرِينَ۝**<br>သင်သည် သေနေသူများကို မကြားနာစေနိုင်ချေ၊ ဖေါက်ပြန်ထွက်ပြေးသော အပင်းများကိုလည်း ကြားအောင် မဖိတ်ခေါ်နိုင်ချေ။ |
| ၈၁။ | **وَمَا أَنتَ بِهَادِي الْعُمْيِ عَن ضَلَالَتِهِمْ إِن تُسْمِعُ إِلَّا مَن يُؤْمِنُ بِآيَاتِنَا فَهُم مُّسْلِمُونَ۝** |

| | |
|---|---|
| | သင်သည် အကန်းများကိုလည်း သူတို့၏ လမ်းလွဲမှ ကင်းရန် လမ်းမညွှန်နိုင်ချေ။ ငါ၏ သုတ်ဒေသနာများကို ယုံကြည်သူများကိုသာ ကြားနာစေနိုင်ပေသည်။ သူတို့သည်ကား ငြိမ်းချမ်းရေးဝါဒီများ ဖြစ်ကြကုန်၏။ |
| ၈၂။ | وَإِذَا وَقَعَ الْقَوْلُ عَلَيْهِمْ أَخْرَجْنَا لَهُمْ دَابَّةً مِّنَ الْأَرْضِ تُكَلِّمُهُمْ أَنَّ النَّاسَ كَانُوا بِآيَاتِنَا لَا يُوقِنُونَ۞<br>သူတို့အတွက် ပြောဆိုမှု သတ်မှတ်ချိန် ရောက်သော်၊ လူသားတို့သည် ငါ၏ သုတ်ဒေသနာများကို ဒိဋ္ဌယုံကြည်ခြင်း မရှိသောကြောင့် သူတို့အား ပြောဆိုရန် မြေကမ္ဘာမှ သက်ရှိဝတ္ထုကို ငါ ထုတ်ပေးလတ္တံ့၊[၇၉၂] |
| ၈၃။ | وَيَوْمَ نَحْشُرُ مِن كُلِّ أُمَّةٍ فَوْجًا مِّمَّن يُكَذِّبُ بِآيَاتِنَا فَهُمْ يُوزَعُونَ۞<br>ငါသည် အသိုင်းအဝိုင်းကိုယ်စီမှ ငါ၏ သုတ်ဒေသနာများကို ငြင်းဆန်သော သူတို့အား အစီအစီ စုရုံးနိုးကြွစေသော နေ့ကာလ၌ သူတို့အား စုစည်းစေမည်ပင်။ |
| ၈၄။ | حَتَّى إِذَا جَاؤُوا قَالَ أَكَذَّبْتُم بِآيَاتِي وَلَمْ تُحِيطُوا بِهَا عِلْمًا أَمَّاذَا كُنتُمْ تَعْمَلُونَ۞<br>သူတို့ ရောက်ရှိလာသောအခါ၊ အရှင်က ''သင်တို့သည် အသိတရား နားလည်ရည် မရှိမှီ ငါ၏ သုတ္တန်တော်များကို ငြင်းဆန်ခဲ့ကြသလော၊ သို့မဟုတ် သင်တို့၏ အကျင့်အကြံမှာ အဘယ်အရာများ ဖြစ်သနည်း၊''ဟု မိန့်ဆို၏။ |
| ၈၅။ | وَوَقَعَ الْقَوْلُ عَلَيْهِم بِمَا ظَلَمُوا فَهُمْ لَا يَنطِقُونَ۞<br>အဝိဇ္ဇာသင့်မှုကြောင့် သူတို့အား ပြောဆိုခဲ့သော သတ်မှတ်ချိန်စေ့ရပြီ၊ သူတို့သည် လျှောက်လွှဲချက်တင်နိုင်ခြင်း မရှိချေ။ |
| ၈၆။ | أَلَمْ يَرَوْا أَنَّا جَعَلْنَا اللَّيْلَ لِيَسْكُنُوا فِيهِ وَالنَّهَارَ مُبْصِرًا إِنَّ فِي ذَلِكَ لَآيَاتٍ لِّقَوْمٍ يُؤْمِنُونَ۞<br>ငါသည် ညည့်ကို ထို၌ သူတို့ နားစေဘို့ရာ၊ နေ့ကို လင်းရှင်းမြင်နိုင်ဘို့ရာ စီမံတော်မူသည်ကို သူတို့ မဆင်ခြင်ကြသလော၊ ကေန်ပင် ဤ၌ ယုံကြည်သော လူမျိုးအတွက် သက်သေလက္ခဏာ တစ်ရပ် ရှိနေ၏။ |
| ၈၇။<br>☆<br>၆း၇၃ | وَيَوْمَ يُنفَخُ فِي ا لصُّورِ فَفَزِعَ مَن فِي السَّمَاوَاتِ وَمَن فِي الْأَرْضِ إِلَّا مَن شَاء اللَّهُ وَكُلٌّ أَتَوْهُ دَاخِرِينَ۞<br>ပုံစံများကို အသက်သွင်းသော နေ့ကာလ၌☆ ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်သော သူမှအပ မိုးများအတွင်း မြေအတွင်း ရှိသူများသည် တုန်လှုပ်ချောက်ချားကြလတ္တံ့။ အားလုံးကိုယ်စီ ဦးကျိုးလျှက် လာကြရကုန်အံ့။ |
| ၈၈။ | وَتَرَى الْجِبَالَ تَحْسَبُهَا جَامِدَةً وَهِيَ تَمُرُّ مَرَّ السَّحَابِ صُنْعَ اللَّهِ الَّذِي أَتْقَنَ كُلَّ شَيْءٍ إِنَّهُ خَبِيرٌ بِمَا |

(၇၉၂) ဤသုတ်တော်မှ **دَابَّةً ဒါးဘတန်** ဆိုသည်မှာ သက်ရှိဝတ္ထု၊ တဖြေးဖြေးတွား၍ တက်လာသော ဆင့်ကဲဖွံ့ဖြိုးလာသည့် သတ္တဝါ၊ ဟု ဖြစ်ပေသည်။ ဤသုတ်တော်သည် လူသားတို့အား အခြေခံအမှန်တရား နှစ်ခုကို တင်ပြပေသည်။ (၁) လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀၊ လက်ရှိခေတ်သိပ္ပံကရိယာများ အပေါ်မှီနှစ်ပေါင်း များစွာကတည်းကပင် ဤကုရ်အံကျမ်းတော်က တင်ပြသော သက်ရှိသဘောတရားမှာ လွန်စွာ နက်နဲပေသည်။ ကျမ်းတော်သည် အရာဝတ္ထုတိုင်းကို အသက်နှင့် ဖြစ်တည်နေသည်ဟု ဆိုပေသည်။ ထို့ကြောင့် မဖြစ်နိုင်သော အရာဖြစ်သည့် ''အသက် မသတ်ကြနှင့်၊''ဟု ပြောဆိုနေခြင်းမှာ ပရမတ်မှန်ကန်မှု သစ္စာ မဟုတ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် အရာရာတိုင်းသည် အသက်ရှိနေကြောင်း မည်သည့် သက်ရှိသတ္တဝါ၊ သက်ရှိဝတ္ထုတိုင်းသည်မဆို မိမိရှင်သန်မှုအတွက် အခြားသော သက်ရှိဝတ္ထု၊ သက်ရှိသတ္တဝါများကို သုံးစားနေရကြောင်းကို သိလာနိုင်စေရန် ဖြစ်သည်။ (၂) အတွေးအခေါ်ဟောင်းနေသော အတွေးအခေါ်အို လူသားများသည် မိရိုးဖလာ၌ စွဲကပ်နေသည်မှာ မှားသည်ဟု နောက်မှ တွား၍တက်လာသော (နောက်မျိုးဆက်သစ်)က သူတို့ကို ပြောဆိုတော့မည် ဖြစ်ကြောင်း ဤသုတ်တော်က ရှင်းလင်းထောက်ပြပေသည်။ များစွာသော မိရိုးဖလာ ဆရာတော်ကြီးများက ဤသုတ်တော်မှ ပြောဆိုသော **دَابَّةً ဒါးဘတန်** ဆိုသည်မှာ ကမ္ဘာကြီး ပျက်ချိန်နီးလျှင် လူသားတို့အား သတိပေးရန် မြေမှ သတ္တဝါကြီးတစ်ကောင် ထွက်လာမည်ဟု ပြောဆို ရေးသားကြပေသည်။ ထိုရေးသားပြောဆိုမှုမှာ ဒဏ္ဍာရီများသာ ဖြစ်၍ ကျမ်းတော်၏ မှန်ကန်မှုကို လုံးဝ အထောက်အကူ မပြုပေ။ ထိုအဆိုအား ထောက်ခံသည့် သုတ်ဒေသနာဟူ၍ ဤကုရ်အံကျမ်းတော်၌ လုံးဝ မပါဝင်ချေ။ ကျမ်းတော်တွင် **دَابَّةً ဒါးဘတန်** ကို ၁၄ကြိမ် ဖော်ပြ၍ ထို၌ လူသားမပါဝင်ရဟု လုံးဝ မဆိုချေ။ လူသားအပါအဝင် သက်ရှိသတ္တဝါ၊ သက်ရှိဝတ္ထုအားလုံးကို **دَابَّةً ဒါးဘတန်** ဟု သုံးပေသည်၊ ၂း၁၆၄။ ၆း၃၈။ ၁၁း၆၊၅၆။ ၁၆း၄၉၊၆၁။ ၂၄း၄၅။ ၂၇း၈၂။ ၂၉း၆၀။ ၃၁း၁၀။ ၃၄း၁၄။ ၃၅း၄၅။ ၄၂း၂၉။ ၄၅း၄– ထို့ကြောင့် လူသား မဟုတ်သော သတ္တဝါကြီး တစ်ကောင် လာမည်ဟု ဆိုခြင်းမှာ လွန်စွာ အံ့သြဘွယ် ဖွင့်ဆိုချက်သာ ဖြစ်ပေသည်။ လူသားတို့ကို တရားဟောရန် လူသားသာ လာရမည် ၆း၉ ဟူသော နိယာမကို ကျော်လွန်၍၊ တိရိစ္ဆာန်တစ်ကောင်၏ တရားဟောသည်ကို နာခံရန် စောင့်စားနေသူများကို လွန်စွာ သနားဖွယ်ကောင်းပေစွ။

| | |
|---|---|
| | **تَفْعَلُونَ۞**<br>မြဲမြံခိုင်ခန့်သည်ဟု သင်ထင်ရသော တောင်ကြီးများသည် လွင့်ပါးသော တိမ်းတိုက်များကဲ့သို့ လွင့်ပါးရသည်ကို သင် မြင်တွေ့ရလိမ့်မည်။ ယင်းမှာ ခပ်သိမ်းကုန်အား ပြီးပြည့်စုံစေသော အရှင် ပရမတ်ဘုရားရှင်၏ လက်ရာပင်ဖြစ်၏။ ကေန်ပင် အရှင်သည် ကျင့်ကြံလေသမျှကို သတင်းရနေတော်မူ၏။ |
| ၈၉။ | **مَن جَاء بِالْحَسَنَةِ فَلَهُ خَيْرٌ مِّنْهَا وَهُم مِّن فَزَعٍ يَوْمَئِذٍ آمِنُونَ۞**<br>ကောင်းမှုဖြင့် ရောက်လာသောသူ၊ သူ့အတွက် ထို့ထက် ကောင်းမြတ်ခြင်းသည် ရှိ၏။ သူတို့သည် ထိုတုန်လှုပ်ချောက်ချားရသည့် နေ့ကာလမှ ဘေးကင်းလုံခြုံ၏။ |
| ၉၀။ | **وَمَن جَاء بِالسَّيِّئَةِ فَكُبَّتْ وُجُوهُهُمْ فِي النَّارِ هَلْ تُجْزَوْنَ إِلَّا مَا كُنتُمْ تَعْمَلُونَ۞**<br>အကုသိုလ်ဖြင့် ရောက်လာသော သူ၊ သူတို့အား မျက်နှာဦးဇောက်ဖြင့် အပူမီးထဲသို့ ပစ်ထည့်လတ္တံ့၊ သင်တို့ ကျင့်ကြံခဲ့ရာမှအပ အခြား ဆုကိုရသလော။ |
| ၉၁။ | **إِنَّمَا أُمِرْتُ أَنْ أَعْبُدَ رَبَّ هَذِهِ الْبَلْدَةِ الَّذِي حَرَّمَهَا وَلَهُ كُلُّ شَيْءٍ وَأُمِرْتُ أَنْ أَكُونَ مِنَ الْمُسْلِمِينَ۞**<br>ဤမြေအား ဘေးမဲ့မြေဖြစ်စေသော၊ ၎င်း၏ကံကြမ္မာရှင်ကိုသာ ကိုးကွယ်ရန် ကျွန်ုပ်အား စီမံချက်ချပေး၏။ ခပ်သိမ်းကုန်သည် အရှင်၏ အချုပ်အခြာ၌ ရှိ၍ ကျွန်ုပ်အား သဒ္ဓိသုခဝါဒီတို့မှ ဖြစ်ရန် စီမံချက်ချပေးကာ– |
| ၉၂။ | **وَأَنْ أَتْلُوَ الْقُرْآنَ فَمَنِ اهْتَدَى فَإِنَّمَا يَهْتَدِي لِنَفْسِهِ وَمَن ضَلَّ فَقُلْ إِنَّمَا أَنَا مِنَ الْمُنذِرِينَ۞**<br>ကုရ်အံကို ဖတ်ပြစေ၏။ သို့ဖြင့် လမ်းညွှန်မှန်သို့ လိုက်သောသူသည် သူ၏ ဥဥ်စရိုက်အတွက် လမ်းညွှန်ကို လိုက်သည်မည်၏။ အပါယ်သို့လိုက်သူတို့အား "ကျွန်ုပ်သည် သတိပေးသူတို့အနက်မှသာ ဖြစ်၏၊"ဟု ဟောကြားလော့။ |
| ၉၃။ | **وَقُلِ الْحَمْدُ لِلَّهِ سَيُرِيكُمْ آيَاتِهِ فَتَعْرِفُونَهَا وَمَا رَبُّكَ بِغَافِلٍ عَمَّا تَعْمَلُونَ۞**<br>ဟောလော့ "ရည်သန်စူးစိုက်မှု အပေါင်းသည် ပရမတ်ဘုရားရှင်အဘို့သာ ဖြစ်၏။ အရှင်သည် သင်တို့ မှတ်မိစေရန် အရှင်၏ သုတ္တန်တော်များကို မြင်သိစေ၏။ သင့်ကံကြမ္မာရှင်သည် ကျင့်ကြံလေသမျှကို မေ့လျော့ထားသည် မဟုတ်ချေ။ |